ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၇၃ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၁၃ ရက်)

## ပြန်အမ်းခြင်း(Refund) လုပ်ငန်းစဉ်အတွက် ပုံစံများ သတ်မှတ်ထုတ်ပြန်ခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့အရ ပြန်အမ်းခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်-

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ဝင်ငွေခွန် ပြန်အမ်းငွေ ပေါ်ပေါက်ကြောင်း အကြောင်းကြားစာ | ပတခ(ဝင)-၀၆-၀၁ |
| ၂။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ဝင်ငွေခွန် ပြန်အမ်းငွေ တောင်းခံခြင်းအတွက် လျှောက်လွှာ | ပတခ(ဝင)-၀၆-၀၂ |
| ၃။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေ ပေါ်ပေါက်ကြောင်း အကြောင်းကြားစာ | ပတခ(ကသခ)-၀၆-၀၁ |
| ၄။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေ တောင်းခံခြင်းအတွက် လျှောက်လွှာ | ပတခ(ကသခ)-၀၆-၀၂ |
| ၅။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ မြန်မာနိုင်ငံ အခြေစိုက် နိုင်ငံခြားသံရုံးများနှင့် ယင်းတို့၏ သံရုံးဝန်ထမ်းများ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များအတွက် ပြန်အမ်းငွေ တောင်းခံသည့် လျှောက်လွှာ | ပတခ(ကသခ)-၀၆-၀၂(က) |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၆။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ အထူးကုန်စည်ခွန် ပြန်အမ်းငွေ ပေါ်ပေါက်ကြောင်း အကြောင်းကြားစာ | ပတခ(အထခ)-၀၆-၀၁ |
| ၇။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ အထူးကုန်စည်ခွန် ပြန်အမ်းငွေ တောင်းခံခြင်းအတွက် လျှောက်လွှာ | ပတခ(အထခ)-၀၆-၀၂ |

၂။ ယခင် ၁၉-၅-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၂/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့သည့် ပြန်အမ်းခြင်း (Refund) လုပ်ငန်းစဉ်အတွက် အသုံးပြုရန်လိုအပ်မည့် ပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၃။ ယခုအမိန့်ကြော်ငြာစာသည် ၁၉-၅-၂၀၂၃ ရက်မှစ၍ အကျိုးသက်ရောက်စေရမည်။

(မြမြဦး) ၉/၇/၂၆

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ ဥစ-၁/ ပတခ/ ၂၀၂၆ ( ၅၇၉၈ )

ရက် စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၁၃ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနခွဲညွှန်ကြားရေးမှူးများအားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁၊ ၂)၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနမှူးများအားလုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)၊ ပြည်တွင်းအခွန်များဦးစီးဌာန

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများအားလုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်း ညွှန်ကြားပါသည်။

ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။
မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
မိတ္တူကို

ရုံးလက်ခံ၊ မျှောစာတွဲ